၅-၈-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာ ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စက်သုံးဆီ (တစ်လီတာ) | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား) | ဒေါ်လာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညွှန့်မထ | ငစိန် | ပေါ် ဆန်း | ပဲဆီ | စား အုန်း ဆီ | Octane 95 | Octane 92 | ဒီဇယ် (ရိုးရိုး) | အဆင့် မြင့် ဒီဇယ် | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | မြစ်ကြီးနား | ↑၃၅၀၀ | | ၇၀၀၀ | ↑၁၉၀၀၀ | ↑၆၆၀၈ | ၃၀၈၅ | ၂၉၆၀ | ၂၆၄၀ | ၃၁၁၀ | ၄၈၀၀၀၀၀ | |
| ၂ | လားရှိုး | | | | | | | | | | | |
| ၃ | ကျိုင်းတုံ | ၄၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | - | ၄၄၀၀ | ၄၂၅၀ | ၄၂၅၀ | ၄၂၆၀ | ၄၇၇၀၀၀၀ | |
| ၄ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၆၅၀၀ | ↑၆၅၀၀ | ၃၀၀၀ | ၂၈၇၅ | ၂၅၆၀ | ၃၀၂၅ | ၄၇၀၀၀၀၀ | |
| ၅ | လွိုင်ကော် | | | | | | | | | | | |
| ၆ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၂၅၀ | ၂၉၆၅ | ၂၈၄၀ | ၂၅၂၅ | ၂၉၉၀ | ၅၀၀၀၀၀၀ | |
| ၇ | မော်လမြိုင် | ၃၂၀၀ | | ၅၂၀၀ | ၁၇၀၀၀ | ↑၆၁၅၅ | ၂၉၈၀ | ၂၈၅၅ | ၂၅၄၀ | ၃၀၀၅ | ၅၂၅၀၀၀၀ | |
| ၈ | ထားဝယ် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ↑၆၄၀၀ | ၂၉၉၀ | ၂၈၆၅ | ၂၅၄၅ | ၃၀၁၅ | ၆၈၀၀၀၀၀ | |
| ၉ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၇၀၀၀ | ↑၆၅၀၀ | ၃၇၀၀ | ၃၆၀၀ | ၃၆၉၀ | ၃၇၈၀ | ၆၆၀၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၁၉၀၀၀ | ↑၆၁၈၀ | ၂၈၉၅ | ၂၇၇၀ | ၂၄၅၀ | ၂၉၂၀ | ၄၇၉၁၄၃၅ | ၂၁၀၀ |
| ၁၁ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၁၈၀၀၀ | ↑၆၃၅၀ | ၂၉၆၀ | ၂၈၃၀ | ၂၅၁၅ | ၂၉၈၅ | ၆၇၄၀၀၀၀ | |
| ၁၂ | စစ်တွေ | | | | | | | | | | | |
| ၁၃ | ဟားခါး | | | ၈၅၀၀ | ၁၉၅၀၀ | - | ၃၄၂၀ | ၃၂၉၀ | ၂၉၇၅ | ၃၄၄၅ | ၅၂၂၀၀၀၀ | |
| ၁၄ | မုံရွာ | ၃၅၅၀ | ၃၀၀၀ | ၆၁၀၀ | ↑၁၆၀၀၀ | ↑၆၈၅၀ | ၃၀၀၅ | ၂၈၇၅ | ၂၅၆၀ | ၃၀၃၀ | ၄၅၉၉၅၀၀ | |
| ၁၅ | မန္တလေး | ↑၃၃၀၀ | | ↑၆၀၀၀ | ၁၇၅၀၀ | ↑၆၇၆၅ | ၂၉၇၅ | ၂၈၅၀ | ၂၅၃၅ | ၃၀၀၀ | ၄၆၃၅၅၀၀ | |
| ၁၆ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ↑၁၆၀၀၀ | ↑၆၄၀၀ | ၂၉၈၀ | ၂၈၅၅ | ၂၅၃၅ | ၃၀၀၅ | ၄၉၀၀၀၀၀ | |
| ၁၇ | မကွေး | ↓၃၁၅၀ | | ↑၅၇၀၀ | ၁၆၀၀၀ | ↑၆၅၅၀ | ၂၉၈၀ | ၂၈၅၅ | ၂၅၃၅ | ၃၀၀၅ | ၄၇၆၄၀၀၀ | |
| ၁၈ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ↑၁၆၅၀၀ | ၆၂၀၀ | ၂၈၄၅ | ၂၇၂၅ | ၂၄၅၅ | ၂၈၈၀ | ၄၆၀၀၀၀၀ | |
| ၁၉ | ပဲခူး | ၃၀၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၂၉၀၅ | ၂၇၈၀ | ၂၄၆၀ | ၂၉၃၀ | ၄၆၃၀၀၀၀ | |
| ၂၀ | ပျဉ်းမနား | ၃၀၀၀ | | ၆၃၀၀ | ၁၆၄၀၀ | ↑၆၆၂၅ | ၂၉၅၀ | ၂၈၂၅ | ၂၅၁၀ | ၂၉၇၅ | ၄၇၉၁၄၃၅ | |
| ၂၁ | နေပြည်တော် | ၃၀၀၀ | | ၆၃၀၀ | ၁၆၈၀၀ | ↑၆၆၂၅ | ၂၉၅၀ | ၂၈၂၅ | ၂၅၁၀ | ၂၉၇၅ | ၄၇၉၁၄၃၅ | |
| ၂၂ | ကလေး | ၃၅၀၀ | ၃၀၀၀ | | ၁၆၀၀၀ | ၁၁၅၀၀ | ၃၆၀၅ | ၃၄၇၅ | ၃၁၆၀ | ၃၆၃၀ | ၅၀၀၀၀၀၀ | |

Source: ပြည်တွင်းဌာနခွဲ

The Consumer Affairs News Letter
Monthly News Letter July 2024 Department of Consumer Affairs

## ထိုင်းနိုင်ငံရှိ အီလက်ထရောနစ်ယာဉ်များနှင့်ပတ်သက်၍ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး ဆောင်ရွက်ချက်များ




ယနေ့ ကမ္ဘာပေါ်တွင် အကန့်အသတ်ရှိသော စွမ်းအင်အရင်းအမြစ်သုံးစွဲမှု လျှော့ချနိုင်ရန်၊ စွန့်ပစ်ပစ္စည်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များကို လျှော့ချနိုင်ရန်နှင့် ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချနိုင်ရန် ရည်ရွယ်၍ အီလက်ထရောနစ်ယာဉ်အမျိုးမျိုးကို ထုတ်လုပ်လာကြပြီး နိုင်ငံအသီးသီးတွင် အသုံးပြုလာကြသည်။ ထို့အတူ အီလက်ထရောနစ်ယာဉ် အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များနှင့် စားသုံးသူထိခိုက်နစ်နာဆုံးရှုံးမှုများ လျှော့ချနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်း ပြင်ဆင်ဆောင်ရွက်မှုများ ရှိလာကြပြီဖြစ်ပါသည်။

*၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေသည်။*

ထိုင်းနိုင်ငံအနေဖြင့် အီလက်ထရောနစ်ယာဉ်မှတ်ပုံတင်ခြင်းကို ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် စက်တင်ဘာလအထိ ၁၄,၆၉၆ စီး၊ ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ၂၀၂၃ ခုနှစ် စက်တင်ဘာလအထိ ၇၃,၄၃၁ စီး၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအထိ ၄၈,၀၉၆ စီး ဆောင်ရွက်ထားပြီး မှတ်ပုံတင်ခြင်းလုပ်ငန်းကို အားပေးမြှင့်တင်သည့်အနေဖြင့် ၂၀၂၅ ခုနှစ် နိုဝင်ဘာလအထိ အခွန်လျှော့ချခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

ထို့အပြင် ထိုင်းနိုင်ငံအတွင်း အီလက်ထရောနစ်ယာဉ်များအား လျှပ်စစ်ဓာတ်အားသွင်းရာမှ ထိခိုက်ဆုံးရှုံးမှုများ

*စာမျက်နှာ ၃ ကော်လံ ၁ သို့*

## သတင်းခေါင်းစဉ်များ

**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ** ၃
၁။ စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ
**ပြည်တွင်း၊ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ** ၄
၂။ အာဆီယံ-တရုတ်လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် (၃. ၀) အဆင့်မြှင့်တင်ရေး ညှိနှိုင်းခြင်းဆိုင်ရာ (၇) ကြိမ်မြောက် အစည်းအဝေးနှင့် လုပ်ငန်းအဖွဲ့အစည်းအဝေးများသို့ တက်ရောက်ခဲ့
၃၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့
**စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ** ၆
၄။ အွန်လိုင်းပေါ်တွင် တရားမဝင်ဆေးရောင်းဝယ်မှုပြုလုပ်နေခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ
၅။ အွန်လိုင်းပေါ်မှတစ်ဆင့် Smart Watch ဝယ်ယူမှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ
၆။ ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း CICC ရုံးများသို့ တိုင်ကြားလာမှုအခြေအနေ
**ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ** ၉
၇။ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း
၈။ ၂၀၂၄ခုနှစ်၊ ဇွန်လအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ
၉။ ၂၀၂၄ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ
**စားသုံးသူအသိပညာပေးရေးကဏ္ဍ** ၁၃
၁၀။ ထိုင်းနိုင်ငံရှိ အီလက်ထရောနစ်ယာဉ်များနှင့်ပတ်သက်၍ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး ဆောင်ရွက်ချက်များ
၁၁။ တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်
၁၂။ ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ
၁၃။ လူတိုင်းကျန်းမာစွာ နေထိုင်ဖို့ ဓာတုစားသောက်ကုန်ရှောင်ကြစို့
**သတင်းအချက်အလက်နည်းပညာနှင့်အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ** ၁၈
၁၄။ ဓာတ်ခွဲခန်းအလိုက် ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ
၁၅။ ဓာတ်ခွဲစမ်းသပ်ခနှုန်းထားများပြင်ဆင်သတ်မှတ်
**ကုန်သွယ်မှုကဏ္ဍ** ၂၀
၁၆။ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ ဒေါ်လာဈေးနှုန်းများ



*စာမျက်နှာ ၁၈ မှအဆက်*



ခုနှစ်၊ ဇွန်လအတွင်း လုပ်ငန်းရှင်ပေါင်း (၁၇) ဦးက အပ်နှံလာသော သီးနှံအမျိုးအစား (၁၅) မျိုး၊ စုစုပေါင်းနမူနာအရေအတွက် (၉၄) ခု၊ ဓာတ်ခွဲစမ်းသပ်မှုပေါင်း (၂၁၇) ခုကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လယ်ယာထွက်ကုန် ပို့ကုန်များအား ဂျပန်နှင့် နယ်သာလန်နိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် ဆန်၊ ဆန်ကွဲ၊ နှမ်းနက်သိပ္ပံ၊ နှမ်းနက်ရိုးရိုး၊ ပဲတီစိမ်း၊ ပဲယင်း၊ ပဲလွန်း၊ ပဲစာဥ၊ ပန်းနှမ်း၊ မတ်ပဲနှင့် ထောပတ်ပဲ စသည်တို့၏ ရုပ်နှင့် ဓာတုအရည်အသွေး၊ ပိုးသတ်ဆေးကြွင်းပါရှိမှု၊ မှိုဆိပ်ပါရှိမှုစသည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကိုလည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ တင်သွင်းလာသည့် စားအုန်းဆီများ၏ အရည်အသွေး ဓာတ်ခွဲစမ်းသပ်ခြင်းကိုလည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဓာတ်ခွဲခန်းအလိုက် ဓာတ်ခွဲစမ်းသပ်မှုအနေဖြင့် ပိုးသတ်ဆေးကြွင်းဆိုင်ရာ ဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်မှု (၆၅) ခု၊ မှိုဆိပ်ဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်မှု (၂၉) ခု၊ ဆီနှင့် ဆီထွက်သီးနှံဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်မှု (၁၁၅)ခု၊ သီးနှံ (ဓာတု) ဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်မှု (၂၈) ခုနှင့် သီးနှံ (ရုပ) ဓာတ်ခွဲခန်းမှ ဓာတ်ခွဲစမ်းသပ်မှု (၃) ခု စုစုပေါင်း ဓာတ်ခွဲစမ်းသပ်မှု (၂၁၇) ခု ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: သတင်း/နည်း**

## ဓာတ်ခွဲစမ်းသပ်ခနှုန်းထားများ ပြင်ဆင်သတ်မှတ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့်အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (CTQM)၊ လှည်းကူးတွင် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် အခြားဝန်ကြီးဌာနရှိ လုပ်ငန်းဌာနများက ပေးပို့လာသည့် ကုန်ပစ္စည်းနမူနာများကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးလျက်ရှိပါသည်။

ယခုအခါ ဓာတ်ဆေးပစ္စည်းများ (Chemicals) နှင့် ဓာတ်ခွဲခန်းသုံးစက်ကိရိယာပစ္စည်းများ (Apparatus)



ဝယ်ယူရာတွင် ဈေးနှုန်းကြီးမြင့်ခြင်း၊ လျှပ်စစ်မီတာခနှုန်းထားများ တိုးမြင့်လာခြင်းတို့ကြောင့် သီးနှံအရည်အသွေးစမ်းသပ်မှု အမျိုးအစားအလိုက် ဓာတ်ခွဲစမ်းသပ်ခနှုန်းထားများအား ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့မှစ၍ ပြင်ဆင်တိုးမြှင့်သတ်မှတ်လိုက်ကြောင်း သတင်းရရှိပါသည်။

**Source: သတင်း/နည်း**

## ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှု

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးရုံးများအနေဖြင့် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ တားမြစ်ချက် များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းတို့နှင့် စပ်လျဉ်းသည့် စားသုံးသူအသိပညာပေးလုပ်ငန်းများကို ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း အောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်-

**၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ဇွန်လ စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ** **Source:** ပညာပေး

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် | လုပ်ငန်းဆောင်ရွက်သည့်အကြိမ်ပေါင်း | | | | | | | | | | | | | တိုင်းစားသုံးသူရေးရာကော်မတီအစည်းအဝေး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဟောပြောသည့်နေရာ အရေအတွက် | | | | | | | | | | အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း | လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးခြင်း | သင်တန်းများဖွင့်လှစ်ခြင်း | |
| | | ကျောင်း | တက္ကသိုလ်ကောလိပ်သိပ္ပံ | ရပ်ကွက်ကျေးရွာ | တပ်ရင်း + ဌာန + အသင်း | Online/ Media (Talk Show) | စက်ရုံအလုပ်ရုံ | ဈေး | အခြား | ပြခန်း | စုစုပေါင်း | | | | |
| ၁ | ကချင် | ၂ | - | ၄ | - | - | - | - | - | - | ၆ | - | ၇ | - | - |
| ၂ | ကယား | - | - | - | - | - | - | - | - | - | - | - | - | - | - |
| ၃ | ကရင် | ၃ | - | ၁ | - | - | - | - | - | - | ၄ | - | ၂ | - | - |
| ၄ | ချင်း | - | - | - | - | - | - | - | - | - | - | - | ၁ | - | ၁ |
| ၅ | စစ်ကိုင်း | ၃ | - | ၂ | ၅ | ၁ | ၁ | - | - | ၁ | ၁၃ | - | ၂၃ | ၁ | - |
| ၆ | တနင်္သာရီ | ၃ | - | ၁ | ၁ | ၂ | ၁ | - | - | - | ၈ | - | ၅ | - | - |
| ၇ | ပဲခူး | ၁၈ | - | ၂၁ | - | ၉ | - | - | - | - | ၄၈ | - | ၉၃ | ၁ | ၁ |
| ၈ | မကွေး | ၁၇ | - | ၅ | ၂ | ၇ | - | - | - | - | ၃၁ | - | ၆၂ | - | ၁ |
| ၉ | မန္တလေး | ၄ | - | ၅ | ၆ | - | ၃ | - | - | - | ၁၈ | - | ၅၂ | - | - |
| ၁၀ | မွန် | ၈ | ၁ | ၄ | - | ၄ | - | - | - | - | ၁၇ | - | ၆ | ၁ | - |
| ၁၁ | ရခိုင် | - | - | ၂ | - | - | - | - | - | - | ၂ | - | ၃ | - | ၁ |
| ၁၂ | ရန်ကုန် | ၂ | - | ၁ | ၁ | - | - | ၈ | - | - | ၁၂ | - | ၂၅ | - | - |
| ၁၃ | ရှမ်းတောင် | ၂ | ၁ | - | - | - | - | - | - | - | ၃ | - | ၁၀ | - | - |
| ၁၄ | ရှမ်းမြောက် | ၁ | - | ၁ | - | ၁ | - | - | - | - | ၃ | - | ၁၀ | - | - |
| ၁၅ | ရှမ်းအရှေ့ | ၂ | - | - | - | - | - | - | - | - | ၂ | - | ၂ | - | - |
| ၁၆ | ဧရာဝတီ | ၂၀ | - | ၉ | ၉ | ၁၈ | ၂ | - | - | - | ၅၈ | - | ၂၈ | - | - |
| ၁၇ | ပြည်ထောင်စုနယ်မြေ | - | - | - | ၄ | - | - | - | ၁ | - | ၅ | - | ၁ | - | - |
| | **ပြည်ထောင်စုချုပ်** | **၈၅** | **၂** | **၅၆** | **၂၈** | **၄၂** | **၇** | **၈** | **၁** | **၁** | **၂၃၀** | **-** | **၃၃၀** | **၃** | **၄** |

## သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ

### ဓာတ်ခွဲခန်းအလိုက် ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက် နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ၊ ကုန်ပစ္စည်းစမ်းသပ် စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာနစု (လှည်းကူး) ၏ ဓာတ်ခွဲခန်းများမှ ၂၀၂၄

စာမျက်နှာ ၁၉ ကော်လံ ၁ သို့



စာမျက်နှာ ၁ မှအဆက်

ဖြစ်ပေါ်လျက်ရှိသည့်အတွက် ထိုင်းနိုင်ငံ စားသုံးသူ ကာကွယ်ရေးအဖွဲ့ရုံးအနေဖြင့် ဘေးအန္တရာယ်ဖြစ်ရန် အလားအလာရှိသော ထုတ်ကုန်များကို စာရင်းပြုစုပြီး ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စရပ်များကို သတ်မှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံ စက်မှုဝန်ကြီး ဌာန လက်အောက်ရှိ Thai Industrial Standards Institute (TISI)၊ Electrical and Electronics Institute (EEI) နှင့် Thailand Automotive Institute (TAI) တို့နှင့် ပူးပေါင်း၍ အီလက်ထရောနစ်ယာဉ် အားသွင်းစက် အပါ အဝင် ကုန်စည် ၅ မျိုးကို စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံတွင် Electric Vehicles (EV) အားသွင်း ကိရိယာနှင့်ပတ်သက်၍ စက်မှုဆိုင်ရာ စံချိန်စံညွှန်း (TISI 61851) ကို ပြဋ္ဌာန်းထားပြီးဖြစ်သော်လည်း ဆန္ဒ အလျောက်ဆောင်ရွက်သည့် အဆင့်သာရှိနေသေးသည့် အတွက် Electrical and Electronics Institute (EEI) အနေဖြင့် EV အားသွင်းကိရိယာများကို ဈေးကွက်မဝင်မီ စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ခြင်းမရှိသေးဘဲ ယာဉ်ပိုင်ရှင် များ၏ တောင်းဆိုမှုကြောင့် စစ်ဆေးပေးခြင်းများကိုသာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

EV အားသွင်းကိရိယာများတွင် AC Charger နှင့် DC Charger ဟူ၍ နှစ်မျိုးရှိကြောင်း၊ စံချိန်စံညွှန်းနှင့် ကိုက်ညီသော အားသွင်းကိရိယာဖြစ်စေရေးအတွက် Time of Use (TOU) မီတာ အသုံးပြု၍ EV အားသွင်း ကိရိယာကို တပ်ဆင်သင့်ကြောင်း၊ EEI အနေဖြင့် EV အားသွင်းစခန်းပေါင်း ၁၀၀ ကို စုံစမ်းစစ်ဆေးမှု ဆောင် ရွက်ခဲ့ရာ စက်တပ်ဆင်အသုံးပြုခြင်းများ လွဲမှားနေသည် ကို တွေ့ရှိခဲ့ရပါကြောင်း၊ အထူးသဖြင့် EV အားသွင်း ကိရိယာများကို အွန်လိုင်းပေါ်မှ ရောင်းချရာတွင် မှန်ကန် သော ညွှန်ကြားချက်မရှိခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ EV အားသွင်းကိရိယာသည် အပူနှင့် နေရောင်ခြည် တိုက်ရိုက်ထိတွေ့မှုကြောင့် ယိုစိမ့်နိုင်ခြေရှိပြီး မီးလောင် ခြင်းနှင့် တစ်ကိုယ်ရည် ထိခိုက်ဒဏ်ရာ ရရှိနိုင်ခြင်းတို့ ဖြစ်ပေါ်နိုင်ပြီး EV အားသွင်းကိရိယာ ထုတ်လုပ်မှု၊ တပ်ဆင်မှု၊ အသုံးပြုမှုနှင့် ပြုပြင်ထိန်းသိမ်းမှုစသည့် ကဏ္ဍ များကြောင့်လည်း ဘေးအန္တရာယ်ဖြစ်စေနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ 3 modes ရှိသော AC အားသွင်း ကိရိယာနှင့်ပတ်သက်၍လေ့လာပြီး စမ်းသပ် စစ်ဆေးမှု လမ်းညွှန်ချက်ထုတ်ပြန်နိုင်ရေး၊ ထိုင်းနိုင်ငံ စားသုံးသူ ကာကွယ်ရေးအဖွဲ့မှ ချမှတ်ထားသည့် လမ်းညွှန်ချက်နှင့် အညီ စမ်းသပ်စစ်ဆေးမှုပြုလုပ်နိုင်ရေး ဓာတ်ခွဲခန်းများ ထုတ်ပြန်နိုင်ရေးနှင့် ဆက်လက်ဆွေးနွေးလျက်ရှိကြောင်း လေ့လာတင်ပြအပ်ပါသည်။ **Source:** အသိပညာပေး

## မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ

### စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပ

စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်၊ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့ အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေး

စာမျက်နှာ ၄ ကော်လံ ၁ သို့

စာမျက်နှာ ၃ မှအဆက်

ရန်နှင့်အတည်ပြုဆုံးဖြတ်ပေးရန်တို့အတွက် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၁) ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်စားသုံးသူရေးရာကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပါသည်။ အဆိုပါကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အနည်းဆုံးသုံးလလျှင် တစ်ကြိမ် ကျင်းပရမည်ဖြစ်ရာ ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း ရခိုင်ပြည်နယ် စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၄-၆-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀-၆-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ ချင်းပြည်နယ် စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၅-၆-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၈-၆-၂၀၂၄ ရက်နေ့တွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပြီး စုစုပေါင်း (၄) ကြိမ် ကျင်းပနိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ကော်မရှင်

## ပြည်တွင်း၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ

### အာဆီယံ-တရုတ်လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် (၃. ၀) အဆင့်မြှင့်တင်ရေး ညှိနှိုင်းခြင်းဆိုင်ရာ (၇) ကြိမ်မြောက် အစည်းအဝေးနှင့် လုပ်ငန်းအဖွဲ့အစည်းအဝေးများသို့ တက်ရောက်ခဲ့




၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် (၃. ၀) အဆင့်မြှင့်တင်ရေးညှိနှိုင်းခြင်းဆိုင်ရာ (၇) ကြိမ်မြောက်အစည်းအဝေးနှင့် လုပ်ငန်းအဖွဲ့အစည်းအဝေးများသို့ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာမျိုးမျိုးထိုက် တက်ရောက်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးကို အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် အကောင်အထည်ဖော်ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ယှဉ်ပြိုင်မှုကဏ္ဍနှင့် စားသုံးသူကာကွယ်ရေးကဏ္ဍတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်း၍ အကောင်အထည်

စာမျက်နှာ ၅ ကော်လံ ၁ သို့



စာမျက်နှာ ၁၆ မှအဆက်



အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း၊ ထို့ပြင် ကျိုက်ထိုမြို့နယ်၊ ချောင်းဆုံမြို့နယ်၊ မုံရွာမြို့နယ်တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းနှင့် စားသုံးသူတိုင်ကြားမှုအပေါ် ဖြေရှင်းပုံအဆင့်ဆင့်နှင့်ပတ်သက်၍ Talk Show အစီအစဉ်များလည်း ကျင်းပပြုလုပ်ခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံခြင်းနှင့်ပတ်သက်၍လည်း မော်လမြိုင်မြို့ရှိ သဘာဝမြေဩဇာလုပ်ငန်းရှင်နှင့် သွားရောက်တွေ့ဆုံ၍ စားသုံးသူကာကွယ်ရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များနှင့် ကုန်အညွှန်းအမှတ်အသားဖော်ပြမှုဆိုင်ရာ အချက်များကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ အ. ထ. က (၃)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ နယ်စပ်ရေးရာတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ရှိ ပညာရေးဒီဂရီကောလိပ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့၊ ပန်ဝိုးကျေးရွာ၊ ဟွေပေါင်း အ. ထ. က ကျောင်းတို့ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား စားသုံးသူကာကွယ်ရေးဥပဒေအကြောင်း သိကောင်းစရာများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံခြင်းနှင့်ပတ်သက်၍လည်း ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များနှင့် ဆေးအရောင်းဆိုင်လုပ်ငန်းရှင်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ ရပ်ကွက် (၃)၊ မြို့သစ်ရပ်အတွင်းရှိ ဝက်ခေါက်နှင့်အမဲခေါက် ထုတ်လုပ်သည့် လုပ်ငန်းရှင်နှင့် ကလောခရိုင်၊ အောင်ပန်းမြို့ရှိ အသင့်စားအာလူးကြော် ထုတ်လုပ်သည့် လုပ်ငန်းရှင်တို့အား သွားရောက်တွေ့ဆုံ၍ စားအုန်းဆီများအား ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချရာတွင် သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချစေရေး၊ ဈေးနှုန်းအဆမတန်မြှင့်တင်ရောင်းချခြင်းများ မပြုလုပ်စေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များစသည်တို့ကို အသိပညာပေးဟောပြောဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ပြည်နယ်ဦးစီးမှူးရုံးများ



## ပြည်နယ်များအတွင်း စားသုံးသူအသိပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်



စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားများကို ကာကွယ်ရန် စားသုံးသူပြည်သူများအား အသိပညာပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရန်အတွက် စားသုံးသူအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် ဗန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက် အမှတ် (၃) အ. မ. က(လွှန်) ကျောင်းနှင့် ကန်တော်ရပ်ကွက်ရှိ အမှတ် (၅) အ. ထ. က ကျောင်းတို့ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ နယ်မြေ (၇) နှင့် နယ်မြေ (၁၁) ရှိ ဗက်လင်တိုက်ပွဲစစ်ရှောင်စခန်း၊ မိုးညှင်းမြို့နယ်၊ သဲကြီးကုန်းကျေးရွာနှင့် ဟဲလုံကျေးရွာတို့ရှိ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း၊ လုပ်ငန်းရှင် တွေ့ဆုံခြင်းနှင့်ပတ်သက်၍လည်း ဗန်းမော်မြို့၊ ညောင်ပင်ရပ်ကွက်ရှိ စားသုံးဆီအမျိုးမျိုး ဖြန့်ဖြူးရောင်းချသည့် စီးပွားရေးလုပ်ငန်းရှင်၊ မြစ်ကြီးနားမြို့၊ အမှတ် (၁) စည်ပင်သာယာဈေး ကော်မတီရုံးခန်း၌ ကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်များနှင့် စားသုံးဆီအမျိုးမျိုး ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်များ၊ မိုးညှင်းခရိုင်ရှိ အီလက်ထရောနစ်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များနှင့် ဆိုင်ကယ်ပြုပြင်ရေးနှင့် အပိုပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းရှင်များ၊ ဝိုင်းမော်မြို့ အမှတ် (၁) ရပ်ကွက်ရှိ စားသောက်ကုန်မျိုးစုံ လက်လီလက်ကား ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်များအား ကုန်အညွှန်းအမှတ်အသားနှင့် ကိုက်ညီသော ကုန်စည်များကိုသာ ဝယ်ယူရောင်းချရန်နှင့် ဥပဒေပါစီးပွားရေးလုပ်ငန်းရှင်၏ တားမြစ်ချက်များနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း အသိပညာပေးဆွေးနွေးခဲ့ပြီး ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း၊ မွန်ပြည်နယ် ဦးစီးမှူးရုံးအနေဖြင့် မော်လမြိုင်မြို့ အစိုးရနည်းပညာ အထက်တန်းကျောင်း၊ အစိုးရနည်းပညာတက္ကသိုလ်၊ ချောင်းဆုံမြို့နယ် အ. မ. က (မူလွန်) မုရစ်ကြီးကျောင်း၊ ပေါင်မြို့နယ် ပေါင်ဘူတာ အ. မ. က ကျောင်း၊ ဘီလင်းမြို့ ဘိုးလှကြီးရပ်ကွက် အ. မ. က မြို့သစ်ကျောင်းတို့ရှိ ဆရာ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများ၊ မုံရွာမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတို့ရှိ သင်တန်းသား၊ သင်တန်းသူများ၊ ချောင်းဆုံမြို့နယ် ကုလားဘီ ကျေးရွာနှင့် ကျိုက်ထိုမြို့ ရှင်စောပုရပ်ကွက် (၂) တို့ရှိ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ

*စာမျက်နှာ ၁၇ ကော်လံ ၁ သို့*



*စာမျက်နှာ ၄ မှအဆက်*

ဖော်ဆောင်ရွက်နိုင်ရန်၊ ထိရောက်သော ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးယန္တရားများကို တည်ဆောက်နိုင်ရန်နှင့် နည်းပညာအကူအညီများကို အပြန်အလှန်ဖလှယ်မျှဝေဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်များက သဘောတူစာချုပ်ပါယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးအခန်းတွင် ထည့်သွင်းမည့် ယှဉ်ပြိုင်မှုနှင့် စားသုံးကာကွယ်ရေးကိစ္စရပ်များကို အပြီးသတ်ဆွေးနွေးခဲ့ကြောင်း၊ အဆိုပါ အစည်းအဝေးသို့ တက်ရောက်ရခြင်းကြောင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ အကြား ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခြင်း၊ အရင်းအမြစ်တည်ဆောက်ရေးဆိုင်ရာ နည်းပညာအကူအညီများ ရယူနိုင်ခြင်းနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတည်ဆောက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: အာဆီယံ**

## ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့

သြစတြေးလျယှဉ်ပြိုင်မှုနှင့် စားသုံးသူကော်မရှင် (Australian Competition and Consumer Commission-ACCC) မှ ဦးဆောင်ကျင်းပသည့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့ထိ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ကျင်းပပြုလုပ်ခဲ့ရာ သြစတြေးလျယှဉ်ပြိုင်မှုနှင့် စားသုံးသူကော်မရှင်မှ တာဝန်ရှိသူများ၊ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ထိုင်းနိုင်ငံ၊ စားသုံးသူကာကွယ်ရေးအဖွဲ့ရုံးမှ တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့်အတူစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ကိုယ်စားလှယ် (၂) ဦး တက်ရောက်ခဲ့ကြောင်း၊ အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးနှင့်စပ်လျဉ်းသည့် စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များကို လေ့လာသိရှိနိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးနှင့်စပ်လျဉ်း၍ သြစတြေးလျယှဉ်ပြိုင်မှုနှင့် စားသုံးသူကော်မရှင် (Australian Competition and Consumer Commission-ACCC) အနေဖြင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ သြစတြေးလျနိုင်ငံရှိ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ၊ သြစတြေးလျနိုင်ငံအတွင်းရှိ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဦးစားပေးဆောင်ရွက်မည့် နယ်ပယ်များကို နှစ်စဉ်သတ်မှတ်ပြီး လုံခြုံစိတ်ချရမှုမရှိသော ကုန်စည်များ ပပျောက်ရေး ဆောင်ရွက်မှုအခြေအနေများ၊ စားသုံးသူ

*စာမျက်နှာ ၆ ကော်လံ ၁ သို့*

စာမျက်နှာ ၅ မှအဆက်

ထိခိုက်နစ်နာမှုများအတွက် အရေးယူဆောင်ရွက်မှုအခြေအနေများ၊ ထိခိုက်လွယ်သော စားသုံးသူများနှင့်မွေးကင်းစကလေးသူငယ်များ၏ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး ဆောင်ရွက်မှုအခြေအနေများ၊ အွန်လိုင်း ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကိစ္စရပ်များ၊ ထိုင်းနိုင်ငံရှိ အီလက်ထရောနစ်ယာဉ်များနှင့်ပတ်သက်၍ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး ဆောင်ရွက်မှုအခြေအနေများ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**Source: အာဆီယံ**

## စားသုံးသူတိုင်ကြားမှုနှင့်ဖြေရှင်းပေးမှုကဏ္ဍ

### အွန်လိုင်းပေါ်တွင် တရားမဝင်ဆေးရောင်းဝယ်မှုပြုလုပ်နေခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီးနေ တိုင်ကြားသူတစ်ဦးမှ ဆီးချိုဝေဒနာရှင်များအတွက် မရှိမဖြစ်လိုအပ်သော ထုတ်ကုန်ပစ္စည်းတစ်ခုဖြစ်သည့် Mixtrad Insulin ဆေးအမျိုးအစားသည် လူနာများအတွက် ဆိုးကျိုးမရှိစေရန်အတွက် သတ်မှတ်ထားသော အပူချိန်ထိန်းချုပ်မှုအောက်တွင် သေချာစွာ သိမ်းဆည်းထားရသည့် Cold-Chain Product ဆေးမျိုးဖြစ်ပါကြောင်း၊ သို့သော် Online စာမျက်နှာပေါ်တွင် xxxx အမည်ဖြင့် အဆိုပါ Mixtrad Insulin ဆေးအမျိုးအစားများအား တရားမဝင်ရောင်းဝယ်မှုပြုလုပ်နေပါကြောင်းနှင့် ထိုသို့အွန်လိုင်းမှတစ်ဆင့် တရားမဝင်တင်သွင်းရောင်းဝယ်နေမှုများကြောင့် ဆေး၏ အရည်သွေးကို အာမခံမှုမပေးနိုင်သည့်အတွက် လူနာများ၏ အသက်အန္တရာယ်ကိုပါ ထိခိုက်စေနိုင်သည့်အပြင် ယင်းဆေးများအား တရားဝင်တင်သွင်းရောင်းဝယ်မှုများ ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းရှင်များ၏ အမည်နှင့်ဂုဏ်သိက္ခာအား ထိခိုက်နေသည့်အတွက် Cold-Chain Product များအား တရားမဝင်တင်သွင်းခြင်းများကို တားဆီးနိုင်ရေး လိုအပ်သလို အရေးယူဆောင်ရွက်ခြင်းများ လျှင်မြန်စွာ ဆောင်ရွက်ပေးနိုင်ပါရန် UMFCCI ထံသို့ သတင်းပေးပို့ တိုင်ကြားလာမှုအပေါ် UMFCCI မှ တာဝန်ရှိသူများက စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်) ထံသို့ ထပ်မံပေးပို့ တိုင်ကြားလာပါသည်။ တိုင်ကြားမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများက အွန်လိုင်းစာမျက်နှာပေါ်တွင် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ xxxx အမည်ဖြင့် ဖွင့်လှစ်ထားသည့် Facebook Account တွင် လိုင်းဆေးသီးသန့် Turkey, Pakistan, India ဆေးမျိုးစုံတို့ကို လက်လီပြန်လည်ရောင်းချလိုသူများအတွက် အများဈေးဖြင့် တစ်ဘူးချင်းရောင်းပေးနေပါကြောင်းနှင့် လက်ကားပြန်လည်ရောင်းချလိုသူများအတွက် သီးသန့်ဈေးညှိနှိုင်းပေးခဲ့ပါသည်ဟု ဖော်ပြပြီး ဆေးရောင်းဝယ်မှုများ ပြုလုပ်နေသည်ကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း၊ ယင်း Facebook Account တွင် လိပ်စာအတိအကျ ဖော်ပြထားခြင်းမရှိသော်လည်း ဆက်သွယ်ရန်

စာမျက်နှာ ၇ ကော်လံ ၁ သို့



စာမျက်နှာ ၁၄ မှအဆက်

ရည်ညွှန်းဈေးဖြင့် ရောင်းချရေး၊ ကုန်အညွှန်းအမှတ်အသားပြည့်စုံစေရေး၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ရောင်းချခြင်းများမပြုရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များလိုက်နာရမည့် တာဝန်များ၊ တားမြစ်ချက်များအကြောင်းကို ဟောပြောဆွေးနွေးခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ကန့်ဘလူခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ကျွန်းလှမြို့၊ ခရိုင်စည်ပင်သာယာရေးအဖွဲ့၊ စစ်ကိုင်းမြို့၊ အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်း၊ စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်၊ မုံရွာမြို့၊ ကန်သာဦးရပ်ကွက်ရှိ ပဲကြော်ဖိုအလုပ်ရုံတို့ရှိ စားသုံးသူပြည်သူများ ရွှေဘိုမြို့၊ အမှတ် (၁) ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် မုံရွာမြို့၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတို့ရှိ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများ ဟောပြောဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ မုံရွာမြို့၊ တိုင်းစိုက်ပျိုးရေးဦးစီးဌာနတွင်လည်း စားသုံးသူကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် သတင်းအချက်အလက်မှန်ကန်စွာ သိရှိစေရေး ပြပွဲဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် ကန့်ဘလူမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ Talk Show အစီအစဉ် ဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး အသိပညာပေးမှုများကိုလည်း စုစုပေါင်း (၂၃) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ပခုက္ကူမြို့နယ်ရှိ စားသုံးသူပြည်သူများ၊ ဆိပ်ဖြူမြို့ အခြေခံပညာမူလတန်းကျောင်းနှင့် ဂန့်ဂေါမြို့ စည်ပင်သာယာ



အလယ်တန်းကျောင်း (ခွဲ) တို့ရှိ ဆရာ ဆရာမနှင့် ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများဟောပြောခဲ့ပြီး မင်းတုန်းမြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ Talk Show အစီအစဉ်များ ဆောင်ရွက်ခဲ့ကြောင်း၊ ပခုက္ကူ မြို့နယ် အမှတ် (၁၊ ၃၊ ၄၊ ၅) ရပ်ကွက်များရှိ ကိတ်နှင့် မုန့်မျိုးစုံလုပ်ငန်းရှင်၊ မြေပဲယိုလုပ်ငန်းရှင်၊ ကိတ်နှင့် မုန့်မျိုးစုံလုပ်ငန်းရှင်၊ နှမ်းကပ်လုပ်ငန်းရှင်၊ သကြားခဲလုပ်ငန်းရှင်များ၊ ပေါင်မုန့်လုပ်ငန်းရှင်၊ မုန့်ဟင်းခါးခြောက်ထုပ်လုပ်ငန်းရှင်များထံသို့ သွားရောက်၍ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်များအကြောင်းကို အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ထားဝယ်မြို့နှင့် မြိတ်မြို့တို့ရှိ အမှတ် (၁) အ. ထ. က ကျောင်းနှင့် ကော့သောင်းမြို့ ကံပိုလားမား (မူလွန်) ကျောင်းတို့ရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းမုန့်ဈေးတန်းပိုင်ရှင်များ၊ မြိတ်မြို့ အထည်ချုပ်စက်ရုံရှိ စက်ရုံ၊ အလုပ်ရုံဝန်ထမ်းများ၊ ကော့သောင်းမြို့ရှိ ဆေးဆိုင်ပိုင်ရှင်များအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:တိုင်းဒေသကြီးဦးစီးမှူးရုံးများ**

စာမျက်နှာ ၁၃ မှအဆက်

ဟံမြင့်မိုရ်ကျေးရွာရှိ သရက်သီး (ယို၊ ဖျော်ရည်၊ ဝိုင်) ထုတ်လုပ်မှုနည်းပညာသင်တန်းကျောင်းရှိ သင်တန်းသားများအား စားသုံးသူကာကွယ်ဆိုင်ရာ အသိပညာများ ဟောပြောခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်း ရှင်တွေ့ဆုံခြင်းနှင့်ပတ်သက်၍ ဟံမြင့်မိုရ်ကျေးရွာအနီးရှိ သရက်သီးလုပ်ငန်းလုပ်ကိုင်သည့် လုပ်ငန်းရှင်များ၊ ကျောက်ဆည်မြို့နယ်ရှိ စားသုံးဆီရောင်းချနေသည့် လုပ်ငန်းရှင်များ၊ ပြင်ဦးလွင်ခရိုင်အတွင်းရှိ ဆေးဆိုင်ဖွင့်လှစ်ရောင်းချသည့် လုပ်ငန်းရှင်များအား ဝယ်ယူသည့် ဈေးနှုန်းနှင့် ရောင်းချသည့် ဈေးနှုန်း ကွာဟမှုမရှိစေရေး၊ ဈေးနှုန်းမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ထားရမှု မရှိစေရေး၊ ပစ္စည်းပြတ်လပ်မှုမရှိစေရေး၊ ကုန်အညွှန်းအမှတ်အသားဆိုင်ရာ ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်ရေး အသိပညာများ ဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ညောင်တုန်းမြို့နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်း၊ ပန်းတနော်မြို့နယ် ဘဝိုင်း အ. ထ. က ကျောင်း၊ မအူပင်မြို့နယ် ခနောင်ကျေးရွာ အ. ထ. က- ခွဲကျောင်း၊ ဓနုဖြူမြို့နယ်၊ နန်းတော်ကုန်းကျေးရွာ အ. လ. က ကျောင်း၊ ငပုတောမြို့ စဉ့်အိုးဘို မူလတန်းကျောင်း၊ ရေကြည်မြို့နယ် အ. ထ. က မြို့မကျောင်းနှင့် အ. ထ. က ငါးသိုင်းချောင်းကျောင်း၊ မော်လမြိုင်ကျွန်းမြို့နယ်၊ အောင်သုခ အ. လ. က ကျောင်း၊ ဝါးခယ်မ မြိုင်နယ်ရွာသစ် အ. ထ. က ကျောင်း၊ အိမ်မဲမြို့နယ်၊ ပါရမီကျေးရွာ အ. မ. ကကျောင်းတို့ရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား စားသုံးသူအကြောင်း




သိကောင်းစရာများ ဟောပြောဆွေးနွေးခဲ့ကြောင်း၊ ထို့ပြင် မအူပင်မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ဓနုဖြူမြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ Talk Show အစီအစဉ်များ ဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံခြင်းနှင့်ပတ်သက်၍ ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ်၊ ကျောင်းကုန်းမြို့နယ်၊ ကျိုက်လတ်မြို့နယ်တို့ရှိ စားသုံးဆီလုပ်ငန်းရှင်များ၊ ဟင်္သာတမြို့ရှိ စားအုန်းဆီ ကိုယ်စားလှယ်များနှင့် ဆီလုပ်ငန်းရှင်များ၊ ကန်ကြီးထောင့်မြို့နယ်၊ မြောင်းမြမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့ရှိ ဆန်စက်လုပ်ငန်းရှင်များ၊ ငပုတောမြို့နယ်၊ မြောက်ပိုင်းရပ်ကွက်ရှိ ရေခဲမုန့်လုပ်ငန်းရှင်နှင့် ကုန်စုံဆိုင်လုပ်ငန်းရှင်များ၊ ရေကြည်မြို့နယ်ရှိ အာလူးကြော်လုပ်ငန်းရှင်၊ သာပေါင်းမြို့နယ်ရှိ မုန့်လုပ်ငန်းရှင်၊ ကန်ကြီးထောင့်မြို့နယ်၊ လပွတ္တာမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ မြောင်းမြမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ အိမ်မဲမြို့နယ်တို့ရှိ ကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်များအား သွားရောက်တွေ့ဆုံပြီး စားအုန်းဆီ လက်လီလက်ကား ဖြန့်ဖြူးရောင်းချသူများအနေဖြင့် စားသုံးဆီများကို

စာမျက်နှာ ၁၅ ကော်လံ ၁ သို့



စာမျက်နှာ ၆ မှအဆက်

ဖုန်းနံပါတ် ၀၉ xxx xxx xxx အား ဖော်ပြထားသည့်အတွက် ဆက်သွယ်ရာတွင် ဆက်သွယ်၍မရရှိသကဲ့သို့ Messenger နှင့် Viber တို့မှတစ်ဆင့် ဆက်သွယ်ရာတွင်လည်း ဆက်သွယ်၍မရရှိခဲ့သဖြင့် xxxx အမည်ဖြင့် Mixtrad Insulin ဆေးဝါးများအား တရားမဝင်ရောင်းချနေသည့် လုပ်ငန်းအား ရှာဖွေတားဆီးစစ်ဆေးရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့်အတွက် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီသို့ တင်ပြဆောင်ရွက်ခဲ့ရာ “Mixtrad Insulin ဆေးဝါးများအား တရားမဝင်ကုန်သွယ်ရောင်းဝယ်မှုများ တွေ့ရှိလာပါက တားဆီးအရေးယူပေးပါရန်အတွက် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ထံသို့ အကြောင်းကြားစာ ပေးပို့နိုင်ရေး ဆောင်ရွက်သွားရန်” ဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့ရာ အဆိုပါဆုံးဖြတ်ချက်နှင့်အညီ ကုန်သွယ်မှုလမ်းကြောင်းများအား အသုံးပြု၍ ဆီးချိုဝေဒနာရှင်များအတွက် မရှိမဖြစ်လိုအပ်သော Cold-Chain Product ထုတ်ကုန်ပစ္စည်းတစ်ခုဖြစ်သည့် Mixtrad Insulin ဆေးအမျိုးအစားများအား တရားမဝင်ကုန်သွယ်ရောင်းဝယ်မှုများ ဆောင်ရွက်နေသည်ကို တွေ့ရှိပါက တားဆီးအရေးယူ ဆောင်ရွက်ပေးနိုင်ပါရန် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ထံသို့ စာဖြင့် ညှိနှိုင်းတင်ပြခဲ့ပြီး တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ပါကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## အွန်လိုင်းပေါ်မှတစ်ဆင့် Smart Watch ဝယ်ယူမှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နေ တိုင်ကြားသူတစ်ဦးသည် ဟင်္သာတမြို့ရှိ Online Shop တစ်ခုထံမှ Smart Watch (၁) လုံး မှာယူခဲ့ရာ ၂၈-၃-၂၀၂၄ ရက်နေ့တွင် ပို့ဆောင်ရေးကုမ္ပဏီတစ်ခုဖြင့် ပေးပို့ခဲ့သည့်အတွက် သွားရောက်ယူဆောင်ခဲ့ပြီး တစ်နာရီကြာ အားသွင်းခဲ့သော်လည်း အားမဝင်၍ ပြန်လည်ဆက်သွယ်ပြောကြားခဲ့ရာ ဆောင်ရွက်ပေးမှုမရှိသောကြောင့် စားသုံးသူရေးရာဦးစီးဌာန၊ Call Center သို့ ဆက်သွယ်တိုင်ကြားလာပါသည်။

တိုင်ကြားမှုနှင့်ပတ်သက်၍ ဟင်္သာတခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက Online-Shop သို့ ဆက်သွယ်မေးမြန်းခဲ့ရာ Online-Shop ၏ တာဝန်ရှိသူမှာ ဟင်္သာတမြို့ပေါ်မှမဟုတ်ဘဲ အလှမ်းဝေးကြောင်း၊ မိမိတို့ Online Shop တွင် ဝယ်ယူသူများ၍ အမှားတစ်စုံတစ်ရာဖြစ်ပေါ်လျှင် ဝယ်ယူသူစိတ်တိုင်းကျ ဆောင်ရွက်ပေးကြောင်း၊ နေ့မကူးမီ ဆက်သွယ်အသိပေးလာပါက ဖြစ်သည့် အမှားပေါ်မူတည်၍ အသစ်ပြန်လဲပေးပါကြောင်း၊ နေ့ကူးသွားပါက ကုမ္ပဏီမှ အာမခံပေးသည့် အမှားဖြစ်လျှင် လဲလှယ်ပေးပါကြောင်း၊ ကုမ္ပဏီအာမခံမပါလျှင် ပြန်ပြင်ပေးသည့် ဆိုင်များရှိပါကြောင်း၊ မိမိတို့ Online Shop မှာလည်း တစ်နိုင်တစ်ပိုင်လုပ်ကိုင်သည့် လုပ်ငန်းငယ်သာ ဖြစ်ပါကြောင်း၊ ဝယ်ယူသူအား စာရင်းကောက်ယူ၍ ရန်ကုန်မှ ပြန်လည်မှာယူရောင်းချနေခြင်းဖြစ်ပါကြောင်း၊ လျှပ်စစ်ပစ္စည်းဖြစ်ပါက မျက်ကွယ်တွင်ဖြစ်သည့်ကိစ္စ၊ ဝယ်ယူသူလက်ဝယ်တွင်ဖြစ်

စာမျက်နှာ ၈ ကော်လံ ၁ သို့

*စာမျက်နှာ ၇ မှအဆက်*

သည့် ကိစ္စဆိုပါက ဆောင်ရွက်ပေး၍မရပါကြောင်းတို့ကို တရားဝင်ကြော်ငြာထားပြီးဖြစ်ကြောင်း၊ ဝယ်ယူသူအား ဖြစ်စဉ်ကို မေးမြန်းညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပြီး စားသုံးသူရေးရာဦးစီးဌာနသို့လည်း ပြန်လည်ဆက်သွယ်မည်ဟု ပြောကြားခဲ့ပါကြောင်း၊ ၂၃-၅-၂၀၂၄ နေ့တွင် Online Shop မှ ဌာနသို့ ပြန်လည်ဆက်သွယ်လာခဲ့ပြီး ၎င်းတို့ Online Shop သည် ရန်ကုန်မှဖြစ်ကြောင်း၊ ၎င်းတို့ Online Shop မှ ၎ားရမ်းထားသော electronic device များ ပြင်ဆင်ပေးသူမှာ ဟသ်ာတမှဖြစ်သည့်အတွက် ဟသ်ာတသို့ ပစ္စည်းပြန်ပို့ခိုင်းရခြင်းဖြစ်ကြောင်းနှင့် တိုင်ကြားသူနှင့် ဆက်သွယ်၍ တောင်းဆိုချက်များကို ပြန်လည်ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ ဝယ်ယူခဲ့သော Smatch Watch ကို ပြန်လည်ပြင်ဆင်၍ Delivery ဖြင့် ပြန်လည်ပေးပို့ထားကြောင်း အကြောင်းပြန်ကြားလာသည့်အတွက် ဌာနမှ တာဝန်ရှိသူက တိုင်ကြားသူထံ ဆက်သွယ်မေးမြန်းခဲ့ရာ Online Shop မှ ပြန်လည်ပြင်ဆင်ပေးပို့သော Smatch Watch မှာ အဆင်ပြေပါကြောင်းနှင့် ကျေနပ်မှုရှိပါကြောင်း ပြောကြားခဲ့သည့်အတွက် စားသုံးသူကာကွယ်ရေးဥပဒေအရ စေ့စပ်ညှိနှိုင်းခြင်းဖြင့် တိုင်ကြားမှုကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း CICC များသို့ တိုင်ကြားမှု၊ ဖြေရှင်းပြီးစီးမှုနှင့်ဖြေရှင်းရန်ကျန်စာရင်း

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် / ခရိုင် | ဇွန်လ တိုင်ကြားမှု | | တိုင်ကြားမှုနည်းလမ်းများ | | | | တိုင်ကြားမှု | | | ဖြေရှင်းပြီးစီးမှု | | | | ဖြေရှင်းရန် ကျန်ရှိမှု | ဆောင်ရွက်မှု အခြေအနေ (%) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကုန်စည် | ဝန်ဆောင်မှု | Website | FB Page/ စာ/ဖုန်း/ email | ၁၅၃၅ Call Center | ဦးစီး မှူးရုံး | မေလ ဖြေရှင်းရန်ကျန် | ဇွန်လ | ပေါင်း | မေလ ထိ လက်ကျန်မှ | ဇွန်လ ကုန်စည် | ဇွန်လ ဝန်ဆောင်မှု | ပေါင်း | | |
| ၁ | ကချင်ပြည်နယ် | | | | | | | | | | | | | | | |
| ၂ | ကယားပြည်နယ် | | | | | | | | | | | | | | | |
| ၃ | ကရင်ပြည်နယ် | | | | | | | | | | | | | | | |
| ၄ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | ၁ | | ၁ | | | | | ၁ | ၀.၀၀% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၇ | ပဲခူးတိုင်းဒေသကြီး | | ၁ | ၁ | | | | ၄ | ၁ | ၅ | ၂ | | ၁ | ၃ | ၂ | ၆၀.၀၀% |
| ၈ | မကွေးတိုင်းဒေသကြီး | | ၁ | | | | ၁ | | ၁ | ၁ | | | ၁ | ၁ | | ၁၀၀.၀၀% |
| ၉ | မန္တလေးတိုင်းဒေသကြီး | | ၁ | ၁ | | | | ၅ | ၁ | ၆ | ၃ | | | ၃ | ၃ | ၅၀.၀၀% |
| ၁၀ | မွန်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | ၂ | | ၂ | ၂ | | | ၂ | | ၁၀၀.၀၀% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁ | ၁၁ | ၉ | ၂ | | ၁ | ၇၆ | ၁၂ | ၈၈ | ၂၇ | ၁ | ၂ | ၃၀ | ၅၈ | ၃၄.၀၉% |
| ၁၃ | ရှမ်း(တောင်)တောင်ကြီး | | | | | | | | | | | | | | | |
| ၁၄ | ရှမ်း(မြောက်)လားရှိုး | | | | | | | | | | | | | | | |
| ၁၅ | ရှမ်း(ရှေ့)ကျိုင်းတုံခရိုင် | | | | | | | | | | | | | | | |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | ၁ | | ၁ | | | | ၁ | ၁ | ၂ | ၁ | | | ၁ | ၁ | ၅၀.၀၀% |
| ၁၇ | ပြည်ထောင်စုနယ်မြေ | | ၁ | | | ၁ | | ၃ | ၁ | ၄ | ၂ | | | ၂ | ၂ | ၅၀.၀၀% |
| ၁၈ | စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်) | | ၁ | | ၁ | | | | ၁ | ၁ | | | | | ၁ | ၀.၀၀% |
| | စုစုပေါင်း | ၂ | ၁၆ | ၁၂ | ၃ | ၁ | ၂ | ၉၂ | ၁၈ | ၁၁၀ | ၃၇ | ၁ | ၄ | ၄၂ | ၆၈ | ၃၈.၁၈% |
| | | ၁၈ | | ၁၈ | | | | | | | | ၅ | | | | |

**Source: CICC**



## ၂၀၂၄ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉၊ အခန်း (၁၈) တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များ ပြဋ္ဌာန်းထားပြီး ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့် ဖော်ပြရန်လိုအပ်သည့် အသေးစိတ်အချက်များကိုလည်း စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန်အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်က ညွှန်ကြားချက်အမှတ် (၂/ ၂၀၁၉) ဖြင့် ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲအနေဖြင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ် အသားဖော်ပြထားခြင်းအား ညွှန်ကြားချက် (၂/၂၀၁၉) နှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် (ဇန်နဝါရီလမှ ဇွန်လအထိ) တိုင်းဒေသကြီး/ ပြည်နယ်များမှ တင်ပြလာသည့် ကုန်စည်များကို အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ပေးခဲ့ပါသည်-

၂၀၂၄ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

| စဉ် | လအမည် | စိစစ်ရန် တင်ပြလာမှု အခြေအနေ (အရေအတွက်) | | ခွင့်ပြုခဲ့သည့် အခြေအနေ (အရေအတွက်) | |
|---|---|---|---|---|---|
| | | ကုမ္ပဏီ | ကုန်ပစ္စည်း | ကုမ္ပဏီ | ကုန်ပစ္စည်း |
| ၁ | ဇန်နဝါရီလ | ၃၄ | ၁၄၄ | ၃၃ | ၁၄၃ |
| ၂ | ဖေဖော်ဝါရီလ | ၃၄ | ၁၁၄ | ၃၄ | ၁၁၄ |
| ၃ | မတ်လ | ၄၃ | ၁၂၅ | ၄၃ | ၁၂၅ |
| ၄ | ဧပြီလ | ၃၆ | ၉၃ | ၃၆ | ၉၃ |
| ၅ | **မေလ** | **၃၆** | **၁၁၃** | **၃၆** | **၁၁၃** |
| ၆ | ဇွန်လ | ၃၆ | ၁၄၇ | ၃၆ | ၁၄၇ |
| | စုစုပေါင်း | ၂၁၉ | ၇၃၆ | ၂၁၈ | ၇၃၅ |

**Source: ထုတ်/လုံ**

## စားသုံးသူအသိပညာပေးရေးကဏ္ဍ

### တိုင်းဒေသကြီးများအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် စားသုံးသူအကျိုးစီးပွားကာကွယ်ရေး၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးတို့အတွက် စားသုံးသူအသိပညာပေးဟောပြောပွဲများ ကျင်းပခြင်းနှင့် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရေးတို့အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် မြောက်ပိုင်းခရိုင်ဦးစီးရုံးမှ ဝန်ထမ်းများနှင့်အတူ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ဘုရင့်နောင်ဈေး တာဝန်ခံတို့နှင့်ပူးပေါင်း၍ ဈေးအတွင်းအပြင်ရှိ ဆန်ဆိုင်လုပ်ငန်းရှင်များ၊ အင်းစိန်ဈေးနှင့် မင်္ဂလာဈေးအတွင်းရှိ ကုန်စုံဆိုင်လုပ်ငန်းရှင်များအား ဈေးနှုန်းမြင့်တင်ရောင်းချရန် ရည်ရွယ်၍ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းများ မဖြစ်ပေါ်စေရေးနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများ ဟောပြောဆွေးနွေးခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ပျော်ဘွယ်မြို့နယ်၊ ယာကြီးကျေးရွာရှိ ပြည်သူများ၊ ငါန်းဇွန်မြို့ အ. မ. က-၂ ကျောင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ငါန်းဇွန်မြို့နယ်၊

*စာမျက်နှာ ၁၄ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၁ မှအဆက်*

၍ ဆန်စျေးနှုန်းများ စျေးနှုန်းမြှင့်တင်ရောင်းချခြင်းအလို့ငှာ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချမှုများ ရှိ-မရှိ၊ သထုံမြို့၊ မော်လမြိုင်မြို့၊ မုဒုံမြို့နယ်၊ ချောင်းဆုံမြို့နယ်နှင့် ပေါင်မြို့နယ်တို့ရှိ စားသုံးဆီဆိုင်များသို့ သွားရောက်၍ စားအုန်းဆီရောင်းချသူများအနေဖြင့် သတ်မှတ်ရည်ညွှန်းစျေးအပေါ် ဖြစ်သင့်ဖြစ်ထိုက်သည့် အမြတ်ရာခိုင်နှုန်းထက်ပိုမို၍ ရောင်းချနေမှု ရှိ-မရှိ စျေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့နယ် ရပ်ကွက် (၈) ရှိ ကုန်စုံဆိုင်များ၊ ကလောမြို့ပေါ်ရှိ ကုန်စုံဆိုင်များ၊ ကျိုင်းတုံမြို့၊ မြို့မစျေး၊ ရပ်ကွက်(၄)၊ အခွန်လွတ်စျေး (အာခါစျေး) နှင့် ဗဟိုစျေးကြီးနှင့် စျေးကြီးအနီးတဝိုက်တို့ရှိ ကုန်စုံဆိုင်များ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့ပေါ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်းတို့ရှိ စားသုံးဆီအရောင်းဆိုင်များ၊ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းမုန့်စျေးတန်းများ၊ ကျိုင်းတုံ-တာချီလိတ် လမ်းမပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များ၊ တောင်ကြီးမြို့ပေါ်ရှိ စျေးဝယ်စင်တာနှင့် ဆန်အရောင်းဆိုင်များသို့ သွားရောက်၍ အချိုရည်များ၊ မုန့်များ၌ ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်စွာ ဖော်ပြထားမှု ရှိ-မရှိ၊ တာရှည်ခံဆေးဝါးများနှင့် ခွင့်မပြုဆိုးဆေးများပါရှိမှုများ ရှိ-မရှိ၊ စက်သုံးဆီအချင်အတွယ်ပြည့်ဝမှု ရှိ-မရှိ၊ သတ်မှတ်ရည်ညွှန်းစျေးအတိုင်း ရောင်းချနေမှု ရှိ-မရှိ၊ ဆန်များစျေးနှုန်းမြှင့်တင်ရောင်းချခြင်း ရှိ-မရှိ စျေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:**ပြည်နယ်ဦးစီးမှူးရုံးများ

## ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း စျေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များဖြစ်သော အသင့်စားအစားအစာများ၊ စားသုံးဆီများ၊ အသင့်သောက်အချိုရည်များ၊ အရန်သင့်အစားအစာများ၊ အိမ်သုံးဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့် ပူးပေါင်းစစ်ဆေးခဲ့ကြောင်း၊ ထို့ပြင် စားသုံးဆီများအား ဖြစ်သင့်ဖြစ်ထိုက်သော စျေးနှုန်းများနှင့် ရောင်းချခြင်းရှိ-မရှိနှင့် ဆေးနှင့် ဆေးပစ္စည်းများ စျေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှု ရှိ-မရှိ




စျေးကွက်စောင့်ကြည့်စစ်ဆေးဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း စျေးကွက်စောင့်ကြည့်စစ်ဆေးမှု (၂၁၀၆ ) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ထုတ်/လုံ



## ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ

## တိုင်းဒေသကြီးအသီးသီးတွင် စျေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရေး၊ စားသုံးသူကာကွယ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးများအလိုက် စျေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဇွန်လအတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် တိုက်ကြီးမြို့နယ် မြို့မစျေးအတွင်းရှိ လက်လီလက်ကား ကုန်စုံဆိုင်နှင့်စျေးဆိုင်များ၊ ခရမ်းမြို့နယ် စည်ပင်သာယာစျေး အတွင်းအပြင်ရှိ ရောင်းချဖြန့်ဖြူးလျက်ရှိသော ဆန်ဆိုင်နှင့် ဆန်ဂိုဒေါင်ကြီးများ၊ လှည်းကူးမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့ရှိ စျေးများနှင့် လက်လီလက်ကားဆိုင်များတွင် ရောင်းချနေသည့် စားသုံးဆီဆိုင်များ၊ တွံတေးခရိုင်၊ ကော့မှူးမြို့နယ်၊ စည်ပင်သာယာမြို့မစျေးအတွင်းအပြင်ရှိ ကလေးကစားစရာ အရုပ်အမျိုးမျိုးရှိသည့် အရောင်းဆိုင်များအား သွားရောက်၍ စျေးနှုန်းမြှင့်တင်ရောင်းချခြင်း ရှိ-မရှိ၊ စျေးကစားလိုသော ရည်ရွယ်ချက်ဖြင့် သိုလှောင်ထားခြင်း ရှိ-မရှိ စျေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ထို့ပြင် မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးနှင့် အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံးတို့မှ ဆေးဆိုင်များအား ရှောင်တခင်ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် မိတ္ထီလာမြို့၊ ပျော်ဘွယ်မြို့နှင့် မလှိုင်မြို့တို့ရှိ ဆေးနှင့်ဆေးပစ္စည်း အရောင်းဆိုင်များ၊ မိတ္ထီလာမြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင်များ၊ ငါန်းဇွန်မြို့ပေါ်ရှိ ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးဆေးဆိုင်များ၊ မြို့မ အ. ထ. က ကျောင်းရှိ ကျောင်းမုန့်စျေးတန်းများ၊ ကျောက်ဆည်မြို့နယ်နှင့် မြစ်သားမြို့နယ်အတွင်းရှိ စားသုံးဆီအရောင်းဆိုင်များသို့ သွားရောက်၍ စျေးကွက်တွင်းရောင်းချနေသော ဓာတ်ဆီ၊ ဒီဇယ်များ စျေးနှုန်းမြှင့်တင်ရောင်းချမှု ရှိ-မရှိ၊ အချိန်အတွယ် လီတာ၊ ဂါလံများ ပြည့်မီမှု ရှိ-မရှိ၊ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မြန်မာနိုင်ငံဆေးဝါး မှတ်ပုံတင်အမှတ်မပါရှိသည့် တရားမဝင်ဆေးဝါးများနှင့် အွန်လိုင်းပေါ်မှတဆင့် ဖြန့်ချိရောင်းချနေသော တရားမဝင်ဆေးဝါးများ ရောင်းချနေမှုရှိ-မရှိ၊ သက်တမ်းကုန်လွန်သော ဆေးဝါးများနှင့် ဆေးပစ္စည်းများ ရောင်းချနေမှု ရှိ-မရှိ၊ စျေးနှုန်းစျေးကွက်အခြေအနေများနှင့် စားသုံးဆီအရောင်းဆိုင်များတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများ ဝယ်ယူရရှိနိုင်ရေးနှင့် သက်ဆိုင်ရာဌာနများက လိုက်နာရန် ထုတ်ပြန်ထားသော ကုန်အညွှန်းအမှတ်အသားဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ-မရှိ စျေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်မအူပင်ခရိုင်တွင်း မအူပင်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ ညောင်တုန်းမြို့နယ်နှင့် ဓနုဖြူမြို့နယ်များတွင်ရှိသော SME လုပ်ငန်းများ၊ ပုသိမ်မြို့နယ် မြို့ပေါ်ရှိ ကုန်စုံဆိုင်များ၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့ (၉) ရပ်ကွက်၊ ညောင်တုန်းမြို့နယ်၊ မအူပင်မြို့နယ်နှင့် ပန်းတနော်မြို့နယ်တို့ရှိ ဆန်စက်ရုံများ၊

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

စာမျက်နှာ ၉ မှအဆက်

ငပုတောမြို့နယ်၊ ရေကြည်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်၊ သာပေါင်းမြို့နယ်နှင့် ဟင်္သာတမြို့နယ်တို့ရှိ ဆန်အရောင်းဆိုင်များနှင့် စားသုံးဆီအရောင်းဆိုင်များအား သွားရောက်၍ စပါး၊ ဆန် လက်ကျန်အခြေအနေ၊ သိုလှောင်ရုံများတွင် ဆန်သိုလှောင်ထားမှုအခြေအနေ၊ ဈေးနှုန်း ဈေးကွက်အခြေအနေများနှင့် စားသုံးဆီအရောင်းဆိုင်များတွင် စားသုံးသူပြည်သူများအနေဖြင့် ရောနှောဆီအပါအဝင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများ ဝယ်ယူရရှိနိုင်မှု ရှိ-မရှိ၊ သက်ဆိုင်ရာဌာနများက လိုက်နာရန် ထုတ်ပြန်ထားသော ကုန်အညွှန်းအမှတ်အသားဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်မှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ဈေးကွက်အတွင်း ရောင်းချနေသော စားသောက်ကုန်များ၊ လူသုံးကုန်များ၊ ဆေးဝါးမျိုးစုံနှင့် စက်သုံးဆီများအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း အကြိမ် (၃၀) ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် တစ်နှစ်စာအတွင်း ဦးစားပေးဆောင်ရွက်ရန် လျာထားသည့် ကုန်စည် (၁၀) မျိုးအား စားသုံးသူကာကွယ်ရေးဥပဒေပါ မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာဖော်ပြမှု ရှိ-မရှိ၊ သက်ဆိုင်ရာဌာနများ၏ သတ်မှတ်လိုင်စင်များ ရှိ-မရှိ၊ စားသုံးရန် သို့မဟုတ် အသုံးပြုရန်မသင့်သည့် ကုန်စည်များ ရောင်းချခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ပခုက္ကူခရိုင်ဦးစီးမှူးရုံး ပခုက္ကူမြို့၊ အမှတ် (၁၅) ရပ်ကွက်ရှိ ဆေးဆိုင်များ၊ပခုက္ကူမြို့ မြို့မဈေး၊ ဆိပ်ဖြူမြို့ ပတ္တမြားဈေး



နှင့် ဂန့်ဂေါမြို့ မြို့မဈေးတို့ရှိ ကုန်စုံဆိုင်များနှင့် စားသုံးဆီအရောင်းဆိုင်များသို့ သွားရောက်၍ အရည်အသွေးအာမခံမှုမရှိဘဲ Online Platform Viber မှတဆင့် တရားမဝင်ရောင်းချနေသည့် Mixtard Insulin (ဆီးချိုရောဂါနှင့်ပတ်သက်သည့်ဆေး) ရောင်းချမှု ရှိ-မရှိ၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်အမျိုးမျိုးတွင် ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ပါဝင်မှု ရှိ-မရှိ၊ အလေးချိန်နှင့် သတ်မှတ်အရေအတွက် ပြည့်ဝစွာရောင်းချပေးခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ထားဝယ်မြို့ပေါ်ရှိ ကမ်းနားပုံကျဈေး၊ အိုးလုပ်ဈေး၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းမုန့်ဈေးတန်းများ၊ အချိုရည်အရောင်းဆိုင်များ၊ ကလေးကစားစရာအရောင်းဆိုင်များနှင့် ဆေးဆိုင်များ၊ မြိတ်မြို့ပေါ်ရှိ ဆိပ်ငယ်ရပ်၊ စည်ပင်သာယာဈေးကြီး၊ အမှတ် (၁) အခြေခံပညာကျောင်း မုန့်ဈေးတန်း၊ ကုန်စုံဆိုင်များနှင့် ကလေးကစားစရာအရောင်းဆိုင်များ၊ ကော့သောင်းမြို့ပေါ်ရှိ Mini Market များ၊ စားသုံးဆီအရောင်းဆိုင်များအား သွားရောက်၍ ဈေးများတွင် ရောင်းချနေသော ငါး၊ ပုစွန်များတွင်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့



စာမျက်နှာ ၁၀ မှအဆက်

ဖော်မလင်ထိုးနှံခြင်း၊ ဆေးစိမ်ခြင်းများ ရှိ-မရှိ၊ မုန့်ဖတ်၊ ခေါက်ဆွဲဖတ်၊ ချဉ်ဖတ်များတွင် ခွင့်မပြုဆိုးဆေးများနှင့် တာရှည်ခံဆေးဝါးများပါရှိမှု ရှိ-မရှိ၊ ကျောင်းဈေးတန်းများနှင့် အချိုရည် အရောင်းဆိုင်ကြီးများတွင် အသင့်သောက်အချိုရည်အမျိုးမျိုးအားစစ်ဆေးခြင်း၊ ကလေးကစားစရာဆိုင်များတွင် ဆိုးဆေးပါ ကစားစရာများနှင့် အစစ်နှင့်တူသော သေနတ်များရောင်းချနေမှု ရှိ-မရှိနှင့် တရားမဝင်ဆေးဝါးများ၊ သက်တမ်းလွန်ဆေးဝါးများ ရောင်းချမှုများ ရှိ-မရှိ၊ ဆေးဈေးနှုန်းများမြှင့်တင် ရောင်းချမှု ရှိ-မရှိ၊ ကုန်စုံဆိုင်များတွင် ရောင်းချနေသော စားသောက်ကုန်စည်အမျိုးမျိုးအား၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်များပါရှိမှု ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် စားသုံးသူကာကွယ်ရေး ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ပြထားရှိမှုများ ရှိ-မရှိ စစ်ဆေးခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** တိုင်းဒေသကြီးဦးစီးမှူးရုံးများ

## ပြည်နယ်အသီးသီးတွင် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရေး၊ စားသုံးသူကာကွယ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာပြည်နယ်များအလိုက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဇွန်လအတွင်း ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် မိုးညှင်းမြို့၊ မိုးဒါးစုရပ်ကွက်၊ မြို့မရပ်ကွက်၊ နားခါရပ်ကွက်၊ နောင်စွန်းရပ်ကွက်နှင့် သာစည်ရပ်ကွက်အတွင်းတို့ရှိ ကုန်စုံဆိုင်များ၊ နတ်ကြီးကုန်း ရပ်ကွက်ရှိ ပင်လယ်စာဆိုင်၊ ဗန်းမော်မြို့၊ ပေါက်ကုန်း ရပ်ကွက်ရှိ ကုန်မျိုးစုံရောင်းဝယ်ရေးဆိုင်၊ ကန်တော်ရပ်ကွက်ရှိ စတိုးဆိုင်နှင့် ညောင်ပင်ရပ်ကွက်တို့ရှိ စတိုးဆိုင်များ၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ယုဇနရပ်ကွက်၊ ရွှေညောင်ပင်ရပ်ကွက်၊ ခေမာသီရိရပ်ကွက်၊ မန်ခိန်ရပ်ကွက်နှင့် ရွှေစက်ရပ်ကွက်တို့ရှိ ကုန်စုံဆိုင်များသို့ သွားရောက်၍ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးနှင့် စားသုံးသူကာကွယ်ရေး ဥပဒေပါ ကုန်အညွှန်းအမှတ်အသားဆိုင်ရာ အချက်အလက်များ ပြည့်စုံကိုက်ညီမှု ရှိ-မရှိ၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် မော်လမြိုင်မြို့နယ်၊ ကျိုက်မရောမြို့နယ်၊ ဘီလင်းမြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ ပေါင်မြို့နယ်၊ သထုံမြို့နယ်နှင့် မုဒုံမြို့နယ်တို့ရှိ ဆန်ဂိုဒေါင်များနှင့် ဆန်ဆိုင်ကြီးများသို့ သွားရောက်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့